# Pride International School Myanmar
## Academic Year 2020 - 2021
## Secondary ကျောင်းပြန်လည်ဖွင့်လှစ်ရန် အတွက် ပြင်ဆင်ထားမှုများ



**သင်ကြားမှု အစီအစဉ်များ**

**Plan A – Blended Learning Programme (ကျောင်း၌သင်ကြား/ယူခြင်း နှင့် Home-based Online ပူးတွဲသင်ကြားရေးစနစ်)**

- Pride ISM – Secondary ကျောင်းကို မွန်းလွဲ (၁း၀၀) မှ (၅း၀၀)နာရီအထိ တနင်္လာနေ့ မှ သောကြာနေ့ (အစိုးရရုံးပိတ်ရက် မပါ) ဖွင့်လှစ်သွားမည် ဖြစ်ပါသည်။
- ကျောင်းသား/သူများသည် တစ်ရက်လျှင် စာသင်ချိန် (၆) ချိန်တွင် **Zoom Meeting** (၁) ချိန်ကို အိမ်၌ သင်ကြား/ယူရပါမည်။ ကျန်စာသင်ချိန် (၅) ချိန်ကို ကျောင်း၌ သင်ကြား/ယူရပါမည်။

| | |
|---|---|
| Physical Classrooms – Monday to Friday – 25 periods per week at school<br>Home-based Online (Zoom) – Monday to Friday – 5 periods per week | Total – 30 periods |

| Zoom | | Physical Classroom | Physical Classroom | Physical Classroom | Break | Physical Classroom | Physical Classroom |
|---|---|---|---|---|---|---|---|
| 10:30 – 11:10 | | 13:00 – 13:45 | 13:45 – 14:30 | 14:30 – 15:15 | 15:15 – 15:30 (15 minutes) | 15:30 – 16:15 | 16:15 – 17:00 |
| Period 1 | | Period 2 | Period 3 | Period 4 | | Period 5 | Period 6 |

Physical Classroom အတွက် အတန်းချိန်အပြီး ကျောင်းသား/သူများ စာသင်ခန်း မှ ထွက်ခွာချိန်

Year 7 to 11 – 5pm

**Plan B – Online Learning Programme**

Covid – 19 အခြေအနေအရ Physical Classroom များ ဖွင့်လှစ်သင်ကြားရန် ခွင့်ပြုချက်မရရှိပါက Home-based Online Learning Programme (Zoom Meeting and Google Classroom) ဖြင့် တနင်္လာနေ့ မှ သောကြာနေ့အထိ (အစိုးရရုံးပိတ်ရက် မပါ) သင်ကြားရန် စီစဉ်ထားပါသည်။

**အသုံးပြုမည့် Online Learning Platform**

- Zoom Meeting
- Google Classroom

Zoom face-to-face Classroom အချိန်များတွင် ကျောင်းသား/သူများသည် ၎င်းတို့၏ ဆရာ၊အတန်းဖော်များနှင့် အတူ Online တွင် face-to-face သင်ကြား/ယူရမည် ဖြစ်ပါသည်။

Year 7 to 11 Home-based Learning (Zoom face-to-face) (Monday to Friday – 30 periods per week)

| Zoom | Zoom | Break | Zoom | Zoom | Break | Zoom | Zoom |
|---|---|---|---|---|---|---|---|
| 10:00 – 10:40 | 10:40 – 11:20 | 11:20 – 11:30 (10 mins) | 11:30 – 12:10 | 12:10 – 12:50 | 12:50 – 13:20 (30 mins) | 13:20 – 14:00 | 14:00 – 14:40 |
| Period 1 | Period 2 | | Period 3 | Period 4 | | Period 5 | Period 6 |

- အချိန် နှင့် တပြေးညီ ထိရောက်သော face-to-face Zoom Meeting အတန်းချိန်များ နှင့် အတူ သင်ခန်းစာများ ပိုမိုကျွမ်းကျင်စေရန် ကျောင်းသား/သူများ၏ ကိုယ်ပိုင်အချိန်တွင်ပြုလုပ်ရမည့် သင်ခန်းစာများ၊ လေ့ကျင့်ခန်းများ (Worksheets and Assignments) များကို Google Classroom ပေါ်တွင် တနင်္လာနေ့ မှ သောကြာနေ့ အထိ နေ့စဉ်တင်ပေးသွားမည်ဖြစ်ပါသည်။
- ထို Worksheets နှင့် Assignments များကို ကျောင်းသား/သူများမှ ပြီးမြောက်အောင်ဆောင်ရွက်ပြီးလျှင် Google Classroom ပေါ်တွင်ပြန်လည်ပေးပို့ရမည်ဖြစ်ပါသည်။ ထိုသို့ပေးပို့ထားသော ကျောင်းသား/သူများ၏ လုပ်ဆောင်ချက်များကို သက်ဆိုင်ရာ ဆရာ/ဆရာမ များမှစီစစ်ပေးပြီး မည်မျှ ပြီးမြောက်ပြီး ဖြစ်ကြောင်းကိုလည်း မှတ်တမ်းတင်ထားမည် ဖြစ်ပါသည်။

## Online Learning သင်ကြားရေးအစီအစဉ်များ အတွက် အချက်အလက်များ

### မိဘများ ကြိုတင်ပြင်ဆင်ထားရန်အချက်များ

- မိမိ၏သား/သမီးများ Online Learning Programme သင်ယူရန် အိမ်တွင် Wifi (သို့) Internetလိုင်တပ်ဆင်ထားရမည်။
- မိမိ၏သား/သမီးများ လျှပ်စစ်အန္တရာယ် ကင်းဝေးစေရန် အထူးဂရုပြု ကြိုတင် ပြင်ဆင်ထားရပါမည်။
- သင်ထောက်ကူပစ္စည်းများဖြစ်သော Laptop (သို့) Webcam နှင့် microphone တပ်ဆင်ထားသော Desktop များ ပြင်ဆင်ထားရပါမည်။
- ကျောင်းခေါ်ချိန် (Attendance) များ အတိအကျရရှိရန် ကျောင်းသား/သူများကို သင်ကြားပို့ချမည့် Zoom Timetable အတိုင်း အချိန်မီဝင်ရောက်သင်ယူရန်အတွက် စီစဉ်ဆောင်ရွက်ပေးရပါမည်။
- မိမိသား/သမီးများ၏ ဝတ်စားဆင်ယင်မှု လုံခြုံသပ်ရပ်မှုရှိစေရန် ကြီးကြပ်ဆောင်ရွက်ရပါမည်။
- အကြောင်းတစ်စုံတစ်ရာကြောင့် Online Learning Programme သင်တန်းမတက်ရောက်နိုင်ပါက Pride ISM Reception သို့ ဖုန်းဖြင့်အကြောင်းကြား ခွင့်တိုင်ရပါမည်။ Reception မှသက်ဆိုင်ရာ ဆရာ/ဆရာမထံ ဆက်လက်သတင်းပေးပို့ပါမည်။

### ကျောင်းသား/သူများသတိပြုဆောင်ရွက်ရန်အချက်များ

- Online Learning Programme စာသင်ခန်းသို့ Join ၍မရပါက သက်ဆိုင်ရာ ဆရာ/ဆရာမ၏ Zoom Meeting ID နှင့် Password ကိုသေချာပြန်စစ်ဆေးပြီး မှန်ကန်စွာရိုက်သွင်းပေးရန်။
- Online Learning Programme သည်ဆရာ/ဆရာမနှင့် ကျောင်းသား/သူများ Face to Face သင်ကြားပို့ချသော စနစ်ဖြစ်၍ မိမိ၏ Microphone နှင့် Video Camera တို့ကိုစစ်ဆေးပြီး သင်တန်းချိန်တွင် ဆရာ/ဆရာမနှင့် ဆက်သွယ်မှုရရှိရန် အမြဲဖွင့်ထားရန်။
- ကျောင်းသား/သူများသည် စာသင်ချိန်တွင် တစ်ဦး နှင့် တစ်ဦး စကားပြောဆိုခြင်း၊ ဆူညံခြင်း မပြုရန် နှင့် မေးခွန်းများ မေးမြန်းလိုပါက လက်ထောင်၍ ဆရာ/ဆရာမထံ မေးမြန်းနိုင်ပါသည်။
- စာသင်ချိန်အတွင်း မိမိအိမ်ရှိ Wifi (သို့) Internet လိုင်းကျသွားပါက Mobile Phone မှ Personal Hotspot လွှတ်တင်၍ဆက်လက်သင်ယူရန်။
- ကျောင်းသား/သူများ သည် မိမိတို့၏ Online Class Group တွင် အသုံးပြုနေသော ဆရာ/ဆရာမ များ နှင့် ကျောင်းသား/သူများ၏ User Name, ID, Password, Email, Lessons, Assignments, Source Files, Screenshots, Images/ Video များကို မသက်ဆိုင်သော ပုဂ္ဂိုလ်များ နှင့် Social Media များသို့ ပေးပို့ခြင်း၊ ဖြန့်ဝေခြင်း (လုံးဝ) လုံးဝ တားမြစ်ပါသည်။
- ကျောင်းသား/သူများ အနေဖြင့် အတန်းတွင်း ရှိနေချိန်တွင် ဆရာ/ဆရာမများ၏ ခွင့်ပြုချက်မရရှိဘဲ Video Mute လုပ်ထားပါက အတန်းခေါ်ချိန် ရရှိမည်မဟုတ်ပါ။
- နည်းပညာ အခက်အခဲ တစ်စုံတစ်ရာရှိပါက Pride ISM ၏ ICT Department ဖုန်းနံပါတ် ၀၉ ၉၆၇၂၁၀၆၇၉၊ ၀၉ ၉၇၄၂၈၆၃၈၅ သို့ဆက်သွယ်၍ အကူအညီရယူနိုင်ပါသည်။

**နောက်ပညာသင်နှစ် အတန်းသို့ တက်ရောက်ခွင့် သတ်မှတ်ချက်များ**

ကျောင်းသား/သူများသည် နောက်တစ်တန်းသို့ တက်ရောက်ခွင့်ရရန် အောက်ပါ အချက်အလက်များဖြင့် ပြည့်စုံရပါမည်။

- ကျောင်းခေါ်ချိန်အနည်းဆုံး (၇၅%) ပြည့်မီရမည်ဖြစ်သည့်အတွက် ကျောင်းသား/သူများသည် မိမိ၏ Class Group သို့စာသင်ချိန်တိုင်း Join ရမည်ဖြစ်ပြီး ကျောင်းခေါ်ချိန်များကို မှတ်တမ်းယူထားပါမည်။
- ကျောင်းသား/သူများ၏ အကဲဖြတ်စစ်ဆေးမှု ရလဒ်သည် အနည်းဆုံး (၅၀)% ရှိရပါမည်။
- Pride ISM သည် မိမိတို့၏ ကျောင်းသား/သူများ၏ ပညာရည်တိုးတက်မှုကို အစဉ်တစ်စိုက် အလေးထားပြီး အကဲဖြတ်စစ်ဆေးမှုပုံစံ အမျိုးမျိုးတို့ဖြင့် စစ်ဆေးပါသည်။ ထို့သို့စစ်ဆေးရာတွင် Continuous Assessment (CAs) နှင့် Summative Assessment (SAs) တို့ဖြင့် စစ်ဆေးပါသည်။
- Physical Classroom တွင်သော်၎င်း၊ Online Classroom တွင်သော်၎င်း အကဲဖြတ်စစ်ဆေးခြင်း Assessments များကို ပုံမှန်အတိုင်း စစ်ဆေးသွားမည်ဖြစ်ပါသည်။
- အကဲဖြတ် (CA) ရမှတ်များကောင်းမွန်စေရန်အတွက် ဆရာ/ဆရာမများပေးသော Assignment များကို မပျက်မကွက် လုပ်ဆောင်ပြီး ဆရာ/ဆရာမထံသို့ Google Classroom မှတဆင့် ပေးပို့ရမည် ဖြစ်ပါသည်။ ၎င်း (CA) ရမှတ်များသည် နှစ်ဆုံးစာမေးပွဲအတွက် အကျုံးဝင်ပါမည်။
- ကျောင်းသား/သူများ၏ ပညာရည် တိုးတက်မှု မှတ်တမ်း (Report Card) များကို ၁နှစ်လျှင် ၂ကြိမ် သတ်မှတ်ရက်အတိုင်း ထုတ်ပြန်ပေးမည်ဖြစ်ပါသည်။

**ကျောင်းသို့မလာမီ နှင့် လာရောက်စဉ် (မိဘနှင့် ကျောင်းသား/သူများ လိုက်နာရန်စည်းကမ်းချက်များ)**

- မိမိတို့၏သား၊ သမီးများဖျားနာ၊ ချောင်းဆိုး နေမကောင်း ဖြစ်နေပါက ကျောင်းသို့ မလွှတ်ပါရန် အထူးမေတ္တာရပ်ခံအပ်ပါသည်။ Reception သို့ဖုန်းဆက်၍ sick leave ခွင့်တိုင်ပေးရပါမည်။
- ကျောင်းသား/သူများ နှင့် လာရောက်ပို့ဆောင်မည့်သူများသည် ဆပ်ပြာနှင့် ရေကို အသုံးပြု၍ လက်ကို စနစ်တကျ ဆေးကြောရပါမည်။
- ကျောင်းသား/သူများသည် ကျောင်းဝန်းအတွင်းတွင် ပါးစပ် နှင့် နှာခေါင်းစည်း (Mask) နှင့် မျက်နှာအကာ (Face Shield) များကို စနစ်တကျ တပ်ဆင်ထားရပါမည်။
- Break Time တွင် စားသုံးရန် (ထမင်း၊ မုန့်၊ ရေ) ကို အိမ်မှ စီစဉ်၍ ယူဆောင်လာရပါမည်။ (School Canteen ဖွင့်လှစ်ထားရှိမည်မဟုတ်ပါ။ )





**ကျောင်းတက်ချိန်နှင့် ကျောင်းဆင်းချိန်**

- ကျောင်းတက်ကြမည့် ကျောင်းသား/သူများသည် Primary အတွက် နံနက် (၇:၃၀) နာရီ မတိုင်မီ နှင့် Secondary အတွက် မွန်းလွဲ (၁၂း၃၀) နာရီ မတိုင်မီ ကျောင်းပို့ခြင်းမပြုပါရန် မေတ္တာရပ်ခံအပ်ပါသည်။
- မိဘ/အုပ်ထိန်းသူများသည် ကျောင်းသား/သူများကို ကျောင်း၏ သတ်မှတ်ချက်အတိုင်း ကျောင်းကြို/ပို့ ရပါမည်။ ခွင့်ပြုချက်မရရှိဘဲ ကျောင်းဝန်းအတွင်းသို့ ဝင်ရောက်၍ ကျောင်း ကြို/ပို့ ခြင်းများအားခွင့်ပြု မည်မဟုတ်ပါ။
- ကျောင်းအတွင်းသို့ လူအဝင်အထွက် ပြုလုပ်ခြင်းကို ထိန်းသိမ်း လိုပါသဖြင့် မိဘများအနေဖြင့် လိုအပ်၍ ကျောင်းအုပ်ချုပ်သူ၊ ဆရာ/မများနှင့်တွေ့ဆုံလိုပါက နှစ်ရက်အလို ဖုန်းဖြင့်ကြိုတင်၍ Reception မှ တဆင့် Appointment ယူထားရပါမည်။
- ကျောင်းကြို/ပို့ ကြမည့် မိဘများ၊ ယာဉ်မောင်းများအနေဖြင့် ယာဉ်အန္တရာယ် မဖြစ်ပေါ်စေရန်နှင့် ကျောင်းသား/သူများ ဘေးအန္တရာယ် ကင်းရှင်းစေရန်အတွက် ကျောင်းမှခန့်အပ်ထားသည့် ယာဉ်လမ်းရှင်းရေးပြုလုပ်နေသော ဝန်ထမ်းများ၏ လမ်းညွှန်ချက်များကို လိုက်နာပေးကြပါရန် မေတ္တာရပ်ခံ အပ်ပါသည်။
- မိဘ/အုပ်ထိန်းသူများ အနေဖြင့် မိမိတို့သား/သမီးများကို ကျောင်းကြို/ပို့ရာတွင် မိမိတို့၏ယာဉ်ပေါ်၌သာ နေ၍ ကြို/ပို့ပေးပါရန် မေတ္တာရပ်ခံ အပ်ပါသည်။
- မြန်မာနိုင်ငံတော် အစိုးရ၏ လမ်းညွှန်ချက်များအရ ကျောင်းဝန်းအတွင်းတွင် တစ်ဦးနှင့်တစ်ဦး Physical Distancing သတ်မှတ်ထားသော နေရာများမှာပင် စောင့်ဆိုင်း၊ ရပ်နား၊ နေရာ ယူရမည်ဖြစ်ပါသည်။ မည်သူမဆို ကျောင်းဝန်း အတွင်းသို့ ဝင်ရောက်ပါက face masks များကို ဝတ်ဆင်ထားရမည် ဖြစ်ပါသည်။

**ကျောင်းပရဝဏ်အတွင်း ဝင်ရောက်စဉ် ကျောင်းသား/သူများ လိုက်နာရန် စည်းကမ်းချက်များ**

၁။ ကျောင်းဝန်းတွင်းသို့ ဝင်ရောက်လာသည်နှင့်တစ်ပြိုင်နက် ကျောင်းသား/သူများအား ကျောင်းရှိ ဝန်ထမ်းများမှ ကိုယ်ပူချိန် (temperature) တိုင်းတာပေးပါမည်။




၂။ ထို့နောက် လက်ကို ရေ ၊ ဆပ်ပြာရည် ဖြင့် စနစ်တကျ စင်ကြယ်စွာ ဆေးပြီးလျှင် သတ်မှတ်ထားသော နေရာ (သို့မဟုတ်) စာသင်ခန်းများသို့ စနစ်တကျ တန်းစီ၍ သွားရောက်ရပါမည်။




၃။ ကိုယ်ပူချိန် (temperature) စစ်ဆေးမှု ခံယူရာပြီးနောက် ကိုယ်အပူချိန် ၃၈ ဒီဂရီစင်ဒီဂရိတ် (သို့မဟုတ်) ၁၀၀.၄ ဒီဂရီဖာရင်ဟိုက်အထက် ရှိနေပါက မိဘများသို့ အကြောင်းကြားမည်ဖြစ်ပါသည်။
မိဘများလာရောက်ခေါ်ယူခြင်း မတိုင်မီ ထိုကျောင်းသား/သူအား ကျောင်းတွင် သတ်မှတ်ထားသော သီးသန့်အခန်း (Sick Bay) တွင် ထားရှိပြီး ပြန်လည်ခေါ်ယူချိန်အထိ စောင့်ရှောက် ထားပေးပါမည်။



## စာသင်ခန်းများ နှင့် စင်္ကြံများ

- စာသင်ခန်းများအတွင်းတွင် ကျောင်းသား/သူများအတွက် နေရာကို Physical Distancing သတ်မှတ်ချက် အတိုင်း စီစဉ်ထားပါသည်။ ကျောင်းသား/သူများမှ သတ်မှတ်ထားသည့် နေရာများ တွင်သာ သင်ကြား/သင်ယူ ရမည်ဖြစ်ပါသည်။
- ကျောင်းသား/သူများနှင့် ဆရာ/ဆရာမများအတွက် စာသင်ခန်းဝင်ထွက်ချိန်တိုင်းတွင် အသုံးပြုရန် စာသင်ခန်းတိုင်းတွင် လက်သန့်ဆေးရည်ပုလင်းများထားရှိပါမည်။
- စာသင်ခန်းအပြင်ဘက် စင်္ကြံများတွင်လည်း တစ်ဦး နှင့် တစ်ဦး Physical Distancing သတ်မှတ်ချက် အတိုင်း သွားလာနိုင်ရန် အမှတ်အသားများ ပြုလုပ်ထားပါသည်။

## အားလပ်ချိန် (Break Time)

အားလပ်ချိန် (Break Time) တွင် ကျောင်းသား/သူများမှ ယူဆောင်လာသော အစားအသောက်များကို အတန်းအလိုက် သတ်မှတ်ထားသော နေရာများတွင်သာ စားသုံးကြရန်နှင့် အနားယူကြရန် ဖြစ်ပါသည်။ ယင်းအချိန်တွင်လည်း တာဝန်ကျ ဆရာ/ဆရာမများ နှင့် ဝန်ထမ်းများမှ ကလေးများအား ကူညီစောင့်ရှောက် သွားမည် ဖြစ်ပါသည်။ (School Canteen ဖွင့်လှစ်ထားရှိမည်မဟုတ်ပါ။)

## ကျောင်းသန့်ရှင်းရေးနှင့် ကျန်းမာရေးအတွက် ပြင်ဆင်ထားမှုများ

ကျောင်းသန့်ရှင်းရေးအတွက် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်ချက်များ၊ ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ထားပါသည်။ ကျောင်းသား/သူများအတွက် ယခင်နှစ်များနည်းတူ ကျောင်းတွင်းဆေးခန်း ဖွင့်လှစ်ထားပြီး Pride ISM တာဝန်ခံဆရာဝန် မှ ကျန်းမာရေးစောင့်ရှောက်ပေးမည်ဖြစ်ပါသည်။

*အထက်ဖော်ပြပါအစီအစဉ်နှင့် အချက်အလက်များသည် အခြေအနေ အရပ်ရပ်ပေါ်မူတည်၍ အပြောင်းအလဲရှိနိုင်ပါသည်။

**မိဘ/အုပ်ထိန်းသူများနှင့် ကျောင်းသား/သူများ Covid-19 ကူးစက်ရောဂါ ကာကွယ်ရေးအတွက် မိမိတို့အိမ်တွင် အောက်ပါအတိုင်း ကြိုတင်လေ့ကျင့်ထားရန် နှိုးဆော်အပ်ပါသည်။**

- လက်ဆေးနည်း၊ Mask အသုံးပြုနည်း၊ အမှိုက်စနစ်တကျ စွန့်ပစ်နည်းများကို အလေ့အကျင့်ကောင်း ရအောင် လေ့ကျင့်ပြုစုပျိုးထောင်ပေးရန်။
- ကျောင်းမတက်မီ တစ်ပတ်အတွင်း ကျောင်းသား/သူနှင့် အတူနေမိသားစုတို့၏ ကျန်းမာရေးအခြေအနေနှင့် တစ်လအတွင်း ခရီးသွားမှတ်တမ်းများကို စာရင်းပြုစုထားရန်။
- Physical distancing လမ်းညွှန်ချက်များနှင့် သင့်လျော်သော အပြုအမူကောင်းများ လေ့ကျင့် ပေးရန်။
- နှာချေ ချောင်းဆိုးရာတွင်လိုက်နာရမည့် ကျင့်ဝတ်များကို လေ့ကျင့်ပေးထားရန်။
- ပါးစပ်နှင့် နှာခေါင်းစည်း Mask နှင့် မျက်နှာအကာ Face Shield များကို စနစ်တကျ တပ်ဆင်နိုင်ရန် လေ့ကျင့်ထားရန်။
- မိမိကိုယ်တိုင် မိမိပတ်ဝန်းကျင်ကို ပိုးသတ်ခြင်းနှင့် တစ်ကိုယ်ရေသန့် ရှင်းရေး ပြုလုပ်တတ်ရန်။
- အိမ်ပြန်ရောက်သည့်အခါ ကျောင်းစာသင်ချိန်တွင် ဝတ်ခဲ့သော အဝတ်များကို ချက်ချင်းလဲပါ။ အဝတ်ကိုမခါဘဲ အဝတ်တောင်းတွင်းသို့ထည့်ပြီး လက်ကိုဆပ်ပြာဖြင့် စင်ကြယ်စွာဆေးရန်။